တ်ဆိုးကျိုးတွေပဲ ဖြစ်ခဲ့မယ်ဆိုရင် သားတို့ ဘုရားရှင်ဟာ ခုလို လူသားတွေ အထွတ်အမြတ် ကိုးကွယ်ဆည်းကပ်နေတဲ့ ဗုဒ္ဓဆိုတာ ဖြစ်လာမလား၊ ဒယ်ဒီ မကြားဖူးဘူးလား၊ ဘုရားရှင်ဟောတဲ့ မင်္ဂလသုတ်တရားတော်ထဲမှာ ပေးကမ်းစွန့်ကြဲခြင်းသည် မင်္ဂလာမည်၏ တဲ့ ”

ဟန်ကြီးပန်ကြီးဖြင့် ဖအေထက် သားနှစ်လလောက်ပိုကြီးနေသော သားချောကိုကြည့်ပြီး ဦးမြတ်ကို အသည်းတွေ အူတွေ ယားလောက်အောင် ဒေါသတွေဖြစ်နေရပြီ။

“ဟော့ကောင် မင်း အဲဒီသေတ္တာ ပြန်တင်စမ်း၊ ငါ ပြောနေတယ်နော်၊ ပေးချင်ရင် မင်းငွေရှာနိုင်မှ မင်းဟာမင်းပေး သွား ပြန်ယူသွား”

သားချောတစ်ယောက် စိတ်ပုတ်တာလား၊ တွန့်တိုတာလား၊ နှမြောတာလား မသေချာသော စိတ်ကြီးဖြင့် ဟန့်တားနေသော ဖခင်ကို ခေါင်းလေးတခါခါဖြင့် သနားလိုက်တာဟူသော မျက်နှာပေးဖြင့်ကြည့်ပြီး

“ဒယ်ဒီရာ သားက ဟိုကောင်တွေကို ပေးမယ်လို့ ပြောပြီးသွားပြီဗျ”

“အေး ကတိပေးပြီးပြီဆိုရင်လည်း တော်ရုံပေးလေကွာ၊ ဒီလောက်သေတ္တာတစ်လုံး အပြည့်ပေးစရာလား၊ မင်းကွာ ဝယ်ဝတ်တော့ တကယ် Brand အကောင်းစားတွေကိုမှ တစ်ထည်ကိုနှစ်သောင်း သုံးသောင်းနဲ့ ပေးဝယ်၊ ပြီးရင် တစ်ခါနှစ်ခါဝတ် ချောင်ထိုးထား၊ ချောင်ထိုးလို့ ဝရင်သူများကို ပေးဝတ်၊ မင်းအဖေ အမေတွေက ငွေထုတ်တဲ့ စက်ပိုင်တဲ့ မီလျံနာတွေ မဟုတ်ဘူး ။ လှူဒါန်းတယ် ဒါနပြုတယ်ဆိုတာ အတိုင်းအတာတစ်ခုရှိတယ် နားလည်လား၊ မင်းအခုလို သူများကို ပေးကမ်းလှူဒါန်း လို့ ငါတို့ ဘုရားလောင်းလို့ သံသရာကနေ ထာဝရလွတ်မြောက်မလား၊ ဒါဆို ဖအေဖြစ်တဲ့ ငါ့အသက်ကိုတောင်စွန့်ပြီး ပါရမီဖြည့်လိုက်ဦးမယ်၊ ဟွန်း မင်းစေတနာက ခုတော့ မိဘကို မွဲပေါက်လုပ်နေတာကွ နား

